

# အရှေ့ဘက်နယ်စပ်ကို ပြန်လည်သိမ်းပိုက်ခြင်း


ဤအစီရင်ခံစာသည် ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက် ကော်သူးလေ (Kawthoolei) ဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြောင်းလဲမှုများကို ဆက်လက်ဆန်းစစ်လေ့လာမှု၏ အစိတ်အပိုင်း ဖြစ်ပြီး ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက် (Karen Peace Support Network - KPSN) မှ ထုတ်ပြန်သည်။

စစ်အုပ်စု၏ နယ်မြေဆုံးရှုံးမှု သို့မဟုတ် ပြန်လည်ရရှိမှုများအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုများ ရှိနေသော်လည်း၊ မြန်မာနိုင်ငံရှိ ဒေသများအား စစ်အုပ်စု၏ သိမ်းပိုက်မှုမှ လွတ်မြောက်ပြီးနောက် မည်သည်တို့ ဆက်ဖြစ်နေသည်ကို မူနိုင်ငံတကာမှအာရုံစိုက်မှု နည်းပါးနေပါသည်။

ကော်သူးလေတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ၎င်းထိန်းချုပ်ရာ ဒေသရှိ ပြည်သူများကို ကိုယ်စားပြုပြီး လူမျိုး၊ ဘာသာမခွဲခြားဘဲ ဒေသခံလူထုများအတွက် အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးရေး တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကရင်အမျိုးသားအစည်းအရုံးသည် ဝေးလံခေါင်ဖျားပြီး စိန်ခေါ်မှု များပြားသော ပထဝီဝင်အနေအထား၊ ပဋိပက္ခဇုန်များနှင့် ဘတ်ဂျက်ကန့်သတ်ချက်များအပါအဝင် အခက်

**ဩဂုတ်လ၊ ၂၀၂၄ခုနှစ်မှ ဩဂုတ်လ၊ ၂၀၂၅ခုနှစ်အတွင်း သိမ်းဆည်းရမိ/စွန့်ခွာသည့်စစ်အာဏာရှင်တပ်စခန်းများ**






ဘလိ-ထားဝယ် ခရိုင်ရှိ မိုးတောင်စခန်းအား KNLA နှင့် မဟာမိတ်များက ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် သိမ်းပိုက်ခဲ့စဉ်

**KPSN အကြောင်း**

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည်မြန်နိုင်ငံအတွင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ယက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများနှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားစာနာမှု အထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသားမူမှု အသိုင်းအဝန်းများကိုလုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ပေးခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည့်တန့်မည့်၊ တန်းတူညီမျှသော ငြိမ်းချမ်းရေးရရှိရေး စည်းရုံးလှုံ့ဆော်ခြင်းများဆောင်ရွက်သည်။

ဒီဇင်ဘာလ ၂၀၂၅ ခုနှစ်

ခဲဆုံး အခြေအနေများအောက်တွင် အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုများကို ဆယ်စုနှစ်များစွာကြာအောင် ပေးအပ်ခဲ့ဖူးသော အတွေ့အကြုံရှိသည်။ ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန (Karen Education and Culture Department - KECD) နှင့် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (Karen Department of Health and Welfare - KDHW) ကဲ့သို့သော ဌာနများသည် KNU အုပ်ချုပ်ရေးအောက်ရှိ လူဦးရေအသစ်များအတွက် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်မှုကို ချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်နေကြပါသည်။



ဘလီ-ထားဝယ်ခရိုင်ရှိ မိုးတောင်တပ်စခန်းအား KNLA နှင့် မဟာမိတ်များက ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်နေ့တွင်သိမ်းပိုက်ခဲ့စဉ်

## ***မြန်မာစစ်တပ်၏ သိမ်းပိုက်မှုမှ လွတ်မြောက်သော ဧရိယာများ တိုးလာခြင်း***

၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နောက်ဆုံး စစ်အာဏာသိမ်းမှုနောက်ပိုင်း၊ ယခင်က မြန်မာစစ်တပ်၏ သိမ်းပိုက်မှုအောက်တွင်ရှိခဲ့သော ကော်သူးလေ၏နယ်မြေအများ အပြားကို လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ (ကော်သူးလေဆိုသည်မှာ ကရင်ပြည်နယ်အတွက် ကရင်အမည်နာမဖြစ်ပြီး၊ ၁၉၅၁ ခုနှစ်တွင် မြန်မာအစိုးရက သတ်မှတ်ခဲ့သော ကရင်ပြည်နယ် နယ်နိမိတ်ထက် ပိုမိုကျယ်ဝန်းသည်)။

ကေအဲန်ယူ (KNU) ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံ ကေအဲန်အယ်လ်အေ (KNLA - ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်) နှင့် ကေအဲန်ဒီအို (KNDO - ကရင်အမျိုးသားကာကွယ် ရေးအဖွဲ့ ) တို့သည် ၎င်းတို့၏မိတ်ဖက်မဟာမိတ်များနှင့်အတူထိုင်းနိုင်ငံနှင့် ထိစပ်နေသော ကော်သူးလေ၏ အရှေ့ဘက်နယ် စပ် တစ်လျှောက်လုံးနီးပါးကို လွတ်မြောက်စေခဲ့ပါသည်။ ယခုအခါ အဆိုပါဒေသများတွင်နေထိုင်သူများ သည် မြန်မာစစ်အုပ်ချုပ်ရေးအောက်မှ လွတ်မြောက်သွားပြီဖြစ်သည်။

ယင်းသို့ သိမ်းပိုက်ရန်အတွက် မြန်မာစစ်တပ်၏ စခန်းပေါင်း ၅၅ ခုကျော်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်း ၁၃လအတွင်းတွင် ကေအဲန်အယ်လ် နှင့် မဟာမိတ်များက ခရိုင် ၇ ခုအတွင်း သိမ်းပိုက်ရရှိခဲ့သော စစ်စခန်း စုစု ပေါင်းမှာ ၁၉၃ ခုအထိ ရောက်ရှိသွားခဲ့သည်။

### ***၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၅ ခုနှစ် ဩဂုတ်လ အတွင်း စစ်အုပ်စု၏ သိမ်းပိုက်/စွန့်ခွာ စခန်းများ***

| | | သိမ်းဆည်း/စွန့်ခွာ | သိမ်းဆည်း/စွန့်ခွာ | စုစုပေါင်း သိမ်းဆည်း/စွန့်ခွာ |
|---|---|---|---|---|
| **စဉ်** | **ခရိုင်** | **ဖေဖော်ဝါရီ ၂၀၂၁ - ဇူလိုင် ၂၀၂၃** | **ဩဂုတ် ၂၀၂၄ - ဩဂုတ် ၂၀၂၅** | **ဖေဖေါ်ဝါရီ ၂၀၂၁ - ဩဂုတ် ၂၀၂၅** |
| ၁ | ဒူးသထူ | ၁၈ | ၁ | ၁၉ |
| ၂ | တောအူး | ၁၃ | ၁ | ၁၄ |
| ၃ | ခလယ်လွီထူ | ၂၆ | ၁၃ | ၃၉ |
| ၄ | ဘလီ-ထားဝယ် | ၁၁ | ၁၂ | ၂၃ |
| ၅ | မူတြော် | ၄၃ | ၈ | ၅၁ |
| ၆ | ဒူးပလာယာ | ၂၄ | ၁၁ | ၃၅ |
| ၇ | ဖားအံ | ၃ | ၉ | ၁၂ |
| | **စုစုပေါင်း** | **၁၃၈** | **၅၅** | **၁၉၃** |




ဘလီ-ထားဝယ်ခရိုင်ရှိ မိုးတောင်တပ်စခန်းအား KNLA နှင့် မဟာမိတ်များက ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်နေ့တွင်သိမ်းပိုက်ခဲ့စဉ်



ဖားအံခရိုင်အတွင်းရှိ တခေါ့ဘီကွီးတပ်အခြေစိုက်စခန်းအား KNLA နှင့် မဟာမိတ်များက ၂၀၂၅ ခုနှစ် မေလ ၉ ရက်နေ့တွင်သိမ်းပိုက်နိုင်ခဲ့စဉ်

ပြီးခဲ့သည့်နှစ်တွင် ကေအဲန်အယ်လ်အေနှင့် မဟာမိတ်များက ထိုင်းနိုင်ငံနှင့်ထိစပ် နေသော သံလွင်မြစ်နယ်စပ်တစ်ခုလုံးကို ထိန်းချုပ်နိုင်ခဲ့သည်။ ယခုနှစ်တွင်လည်း၎င်းတို့ သည် မြဝတီမြို့၏ မြောက်ဘက်နှင့် တောင်ဘက်ရှိ ဖားအံနှင့် ဒူးပလာယာခရိုင်နယ်မြေများရှိ သောင်ရင်းမြစ်(Moei river) နယ်စပ် တစ်လျှောက်လုံးနီးပါးကိုပါ ပြန်လည် သိမ်း ပိုက်နိုင်ခဲ့သည့်အပြင်၊ မြိတ်-ထားဝယ်ခရိုင်နှင့် ထိစပ်နေသော တနင်္သာရီ နယ်စပ် တစ်လျှောက်ရှိ အရေးပါသော စခန်းများကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းအထဲတွင် ထားဝယ်သို့ဦးတည်သော အဓိက နယ်စပ်ဖြတ်ကျော်ဂိတ်ဖြစ်သည့် ထီးခီးစခန်းလည်း ပါဝင်ပြီး ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် သိမ်းပိုက်ရရှိခဲ့ခြင်း ဖြစ်သည်။

အနီးစပ်ဆုံးဖြစ်ရပ်အနေဖြင့်၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကေအဲန်အယ်အေနှင့် မဟာမိတ်များက မော်တောင် (Mawdaung) ဂိတ် ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ မော်တောင် ဂိတ်သည် ထိုင်းနိုင်ငံ၏ ပရာကျွတ်ကီရိခန်းခရိုင်နှင့် ထိစပ်နေသော အဓိက ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး၊ တနင်္သာရီတိုင်း၏ တောင်ဘက်အစွန်ဆုံးမြို့နယ်များမှ ပင်လယ်စာနှင့် ရော်ဘာ၊ ဆီအုန်းကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှု အများဆုံးရှိသည့် လမ်းကြောင်းဖြစ်သည်။ မော်တောင်သည် လွန်ခဲ့သော ၃၅ နှစ်က စစ်အစိုးရလက်အောက်သို့ မကျရောက်မီ ကေအဲန်ယူ မြိတ်-ထားဝယ်ခရိုင် ၏ ဌာနချုပ်ဟောင်း ဖြစ်ခဲ့သည်။

## မြန်မာစစ်တပ်မှ ကော်သူးလေနယ်မြေတဝှမ်းရှိ လူထုအဆောက်အဦးများကို တိုက်ခိုက်မှု မြင့်တင်

မြန်မာစစ်တပ်သည် ဒေသခံပြည်သူများကို ကြောက်ရွံ့စေရန်နှင့် တော်လှန်ရေး အဖွဲ့အစည်းများ ခုခံမှုနှင့် စိတ်ဓာတ်ကျဆင်းစေရန် ရည်ရွယ်၍ ကော်သူးလေရှိ အများပြည်သူဆိုင်ရာ အခြေခံအဆောက်အဦးအများအပြားကို လေကြောင်းနှင့်လည်းကောင်း လက်နက်ကြီးဖြင့်လည်းကောင်း တိုက်ခိုက်မှုများကို မြှင့်တင်ခဲ့သည်။ ၂၀၂၄ စက်တင်ဘာလမှ ၂၀၂၅ စက်တင်ဘာလအထိ ၁၃ လအတွင်း ခရိုင်ခုနှစ်ခုလုံးရှိ ကျောင်းများ၊ ဆေးဘက်ဆိုင်ရာ အဆောက်အဦးများ၊ ဘုန်းကြီးကျောင်းများနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ အပါအဝင် အရပ်ဘက် အဆောက်အဦးများအား တိုက်ခိုက်မှု ၁၀၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်အားနှိုင်းယှဉ်ကြည့်ရမည်ဆိုပါလျှင် ယင်းမတိုင်မီ ၄၃ လအတွင်း တိုက်ခိုက်မှုမှာ ၉၇ ကြိမ်သာ ရှိခဲ့သည်။ ခလယ်လွိ့ထူခရိုင်သည် အဆိုးဆုံး ထိခိုက်ပျက်စီးခဲ့ပြီး၊ ပြီးခဲ့သည့် ၁၃ လအတွင်း ဘုန်းကြီးကျောင်း ၂၀ နှင့် စာသင်ကျောင်း ၁၄ ကျောင်းအပါအဝင် အဆောက်အဦး ၄၅ လုံး ပျက်စီးခဲ့သည်။

***စစ်အုပ်စု၏ လေကြောင်းနှင့် လက်နက်ကြီးကြောင့် ပျက်စီးခဲ့သည့် လူထု အဆောက်အဦးများ***

| | | ဖေဖော်ဝါရီ ၂၀၂၁ - ဩဂုတ် ၂၀၂၄ | | | | | စက်တင်ဘာ ၂၀၂၄ - စက်တင်ဘာ ၂၀၂၅ | | | | | ဖေဖော်ဝါရီ ၂၀၂၁ - စက်တင်ဘာ ၂၀၂၅ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **စဉ်** | **ခရိုင်** | **ကျောင်း** | **ဆေးရုံ/ ဆေးခန်း** | **ဘုရား ကျောင်း** | **ဘုန်းကြီး ကျောင်း** | **စုစုပေါင်း** | **ကျောင်း** | **ဆေးရုံ/ ဆေးခန်း** | **ဘုရား ကျောင်း** | **ဘုန်းကြီး ကျောင်း** | **စုစုပေါင်း** | **အားလုံး စုစုပေါင်း** |
| ၁ | ဒူးသထူ | ၂ | ၂ | ၀ | ၄ | ၈ | ၇ | ၂ | ၁ | ၁၄ | ၂၄ | ၃၂ |
| ၂ | တောအူး | ၂ | ၃ | ၄ | ၂ | ၁၁ | ၃ | ၀ | ၂ | ၀ | ၅ | ၁၆ |
| ၃ | ခလယ်လွိ့ထူ | ၇ | ၅ | ၆ | ၁၅ | ၃၃ | ၁၄ | ၃ | ၈ | ၂၀ | ၄၅ | ၇၈ |
| ၄ | ဘလိ-ထားဝယ် | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၂ | ၂ | ၁ | ၆ | ၇ |
| ၅ | မူတြော် | ၈ | ၄ | ၇ | ၂ | ၂၁ | ၅ | ၀ | ၀ | ၄ | ၉ | ၃၀ |
| ၆ | ဒူးပလာယာ | ၃ | ၅ | ၆ | ၈ | ၂၂ | ၈ | ၃ | ၁ | ၄ | ၁၆ | ၃၈ |
| ၇ | ဖားအံ | ၀ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၃ | ၄ |
| | **စုစုပေါင်း** | **၂၂** | **၂၁** | **၂၃** | **၃၁** | **၉၇** | **၄၁** | **၁၀** | **၁၄** | **၄၃** | **၁၀၈** | **၂၀၅** |



၂၀၂၅ ခုနှစ် မေလ ၁၀ ရက်နေ့တွင် တိုက်ပွဲများဖြစ်ပွားခြင်းမရှိဘဲ ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ဝင်းကံကျေးရွာအတွင်းသို့ မြန်မာစစ်တပ်ဘက်မှ ပစ်ခတ်တိုက်ခိုက်ပြီး အရပ်သားပြည်သူ ၄ ဦး၏အိုးအိမ်များနှင့်ပြည်သူ ၂ ဦးထိခိုက်ဒဏ်ရာရစဉ်



၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် တိုက်ပွဲများဖြစ်ပွားခြင်းမရှိခဲ့ဘဲ ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ ငှက်ပျောတောကျေးရွာအုပ်စု၊ ချမ်းမြေ့စုကျေးရွာ-ချမ်းမြေ့ပါရမီဘုန်းကြီးကျောင်းနှင့် အရပ်သား အဆောက်အဦးအား မြန်မာစစ်တပ်ဘက်မှတိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့စဉ်


# ကေအဲန်ယူကျောင်းများ တိုးချဲ့လာခြင်း


မြန်မာစစ်တပ်သည် ကော်သူးလေရှိ ကျောင်းများအား လေကြောင်းနှင့်သော်လည်းကောင်း လက်နက်ကြီးဖြင့် သော်လည်းကောင်း တိုက်ခိုက်မှုများ ရှိနေသော်လည်း ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) နှင့် ကရင်ဆရာ/မ လုပ်ငန်းအဖွဲ့ (KTWG) တို့၏ ၂၀၂၄-၂၀၂၅ခုနှစ် ပညာသင်နှစ်ဆိုင်ရာ စာရင်းအင်းများသည် ပြန်လည်နာလန်ထူမှုနှင့် ခံနိုင်ရည်ရှိမှု လက္ခဏာများကို ပြသနေသည်။

KNU ကျောင်းအရေအတွက် စုစုပေါင်းမှာ ၂၀၂၀-၂၀၂၁ခုနှစ် ပညာသင်နှစ်တွင် ကျောင်းပေါင်း ၁,၃၆၁ မှ ၂၀၂၄-၂၀၂၅ခုနှစ် တွင် ကျောင်းပေါင်း ၁,၆၇၁ ကျောင်းအထိ ၂၃% တိုးလာသည်။ ဆရာ/မ အရေအတွက်မှာ ၂၀၂၀-၂၀၂၁ခုနှစ် တွင် ၈,၁၂၄ ဦးမှ ၂၀၂၄-၂၀၂၅ ခုနှစ် တွင် ၈,၉၆၆ ဦး အထိ ၁၀%ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ အမျိုးသမီး ဆရာမ/ သင်ကြားပေးသူ အရေအတွက်မှာ သိသာစွာ တိုးလာခဲ့သည်။ ထို့အပြင် ကျောင်းသားစာရင်းပေးသွင်းမှု အရေအတွက်မှာလည်း ၂၀၂၀-၂၀၂၁ ခုနှစ် ၏ ကျောင်းသူ/သားပေါင်း ၁၃၁,၀၈၆ ဦးမှ ၂၀၂၄-၂၀၂၅ ခုနှစ် တွင် ကျောင်းသူ/သားပေါင်း ၁၄၀,၇၃၂ ဦးကျော်အထိ ၇.၃% ရာခိုင်နှုန်း တိုးလာခဲ့သည်။

ဘလိ-ထားဝယ်ခရိုင်တစ်ခုတည်းတွင်သာ မြန်မာစစ်တပ်၏ တိုက်ခိုက်မှုကြောင့် KNU ကျောင်းအချို့မှာ လည်ပတ်နိုင်မှု အရေအတွက် လျော့ကျသွားခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ် တွင် ကျောင်းပေါင်း ၂၁၅ ကျောင်းရှိရာမှ ၂၀၂၄-၂၀၂၅ ခုနှစ် တွင် ကျောင်းပေါင်း ၁၁၉ ကျောင်းသို့ ကျဆင်းသွားခဲ့သည်။

**ကေအဲန်ယူကျောင်းများ**
**၂၀၂၀-၂၀၂၁ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ်**






*ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာနနှင့်ကရင်ကျောင်းဆရာ/မများလုပ်ငန်းအဖွဲ့၏ကျောင်းစာရင်းအင်းများ များနှိုင်းယှဉ်ချက် ၂၀၂၀ခုနှစ်-၂၀၂၁ခုနှစ်ပညာသင်နှစ်နှင့် ၂၀၂၄ခုနှစ်-၂၀၂၅ခုနှစ်ပညာသင်နှစ်*

| | ၂၀၂၀-၂၀၂၁ပညာသင်နှစ် | | ၂၀၂၄-၂၀၂၅ပညာသင်နှစ် | |
|---|---|---|---|---|
| ခရိုင် | ကျောင်းအရေအတွက် | ကျောင်းသားအရေအတွက် | ကျောင်းအရေအတွက် | ကျောင်းသားအရေအတွက် |
| ဒူးသထူ | ၁၈၇ | ၁၉,၃၄၉ | ၂၀၁ | ၁၇,၈၅၀ |
| တောအူး | ၃၈ | ၂,၀၈၇ | ၂၁၄ | ၁၄,၈၄၈ |
| ခလယ်လွီထူ | ၇၈ | ၄,၇၀၆ | ၂၅၅ | ၁၈,၄၃၇ |
| ဘလိ-ထားဝယ် | ၂၁၅ | ၂၄,၃၃၄ | ၁၁၉ | ၈,၅၀၈ |
| မူတြော် | ၂၉၁ | ၂၁,၄၅၃ | ၃၂၄ | ၂၆,၇၅၃ |
| ဒူးပလာယာ | ၄၂၄ | ၄၈,၄၈၆ | ၄၂၄ | ၄၁,၆၃၂ |
| ဖားအံ | ၁၂၈ | ၁၀,၆၇၁ | ၁၃၄ | ၁၂,၇၀၄ |
| စုစုပေါင်း | ၁,၃၆၁ | ၁၃၁,၀၈၆ | ၁,၆၇၁ | ၁၄၀,၇၃၂ |



လယ်တော (သဝေါဖိုး) ကျောင်း၊ နိုတကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ဒူးပလာယာခရိုင်




မေလ ၂၀၂၅ ခုနှစ် ခိုကေဒေသ၊ ထီးလယ်ပူကျေးရွာအုပ်စု၊ ဘူသိုမြို့နယ် မူတြော်ခရိုင် အတွင်းရှိ KTTC-North ကျောင်းဆရာ/မများ ဘွဲ့အပ်နှင်းပွဲအခမ်းအနားကျင်းပနေကြစဉ်



မေလ ၂၀၂၅ ခုနှစ် မူတြော်ခရိုင် ဘူးသိုမြို့နယ်၊ ထီးလယ်ပူကျေးရွာအုပ်စု အတွင်းရှိ ခိုကေဒေတွင် KTTC-North ကျောင်းသား/သူများလှုပ်ရှားမှုမှတ်တမ်း

# KNU ကျန်းမာရေး အဆောက်အဦးများ တိုးချဲ့ခြင်း

၂၀၂၂ ခုနှစ် (အာဏာသိမ်းပြီးနောက်တစ်နှစ်) တွင် KNU ၏ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဌာန (KDHW) လုပ်ငန်းလည်ပတ်ရာ ကော်သူးလေ ခရိုင်ခုနစ်ခုလုံးတွင် ကျန်းမာရေး အဆောက်အဦး စုစုပေါင်း ၆၀ ရှိခဲ့သည်။ ယခုအခါ အဆောက်အဦးအသစ်များ ဆောက်လုပ်ခြင်းနှင့် ယခင် စစ်တပ်ထိန်းချုပ်ထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စင်တာများကို သိမ်းယူခြင်းအားဖြင့် KDHW တွင် ဆေးရုံ/ဆေးခန်း စုစုပေါင်း ၉၀ တိုးလာခဲ့သည်။ ကျန်းမာရေး အဆောက်အဦး အများဆုံး တိုးချဲ့မှုသည် ဒူးပလာယာခရိုင်တွင် ဖြစ်ပွားခဲ့သည်။

၂၀၂၂ မှ ၂၀၂၅ ခုနှစ်အထိ ကျန်းမာရေးဝန်ထမ်း စုစုပေါင်းသည် ၈%ရာခိုင်နှုန်း တိုးလာပြီး ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဌာန KDHW အတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့် ဝန်ထမ်းပေါင်း ၁,၁၇၇ ဦး ရှိလာသည်။ ၂၀၂၄/၂၀၂၅ ခုနှစ်တွင် ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဌာန KDHW မှ ၎င်း၏ ကျန်းမာရေး အဆောက်အဦးအားလုံးတွင် ကုသပေးခဲ့သော စုစုပေါင်း လူနာအရေအတွက်မှာ ၂၂၂,၄၁၈ ဦးအဖြစ် မှတ်တမ်းတင်ထားသည်။



မူတြော် ခရိုင်၊ လူသောမြို့နယ်အတွင်းလည်ပတ်နေသောခွဲစိတ်ကုသဆောင်



ဘလိ-ထားဝယ်ခရိုင်၊ ထီးမိုပွာဒေသအတွင်းရှိ ကျန်းမာရေးဆေးခန်း




ညောင်းလေးပင်ခရိုင်၊ လယ်ဒိုမြို့နယ်အတွင်းနယ်လှည့်ကျန်းမာရေးဆေးခန်း




ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်အတွင်းရှိ၊ နယ်လှည့်ကျန်းမာရေးဆေးခန်း

## ၂၀၂၂ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ ခရိုင်အသီးသီးအတွင်း တိုးပွားလာသည့်ကေအဲန်ယူ၏ကျန်းမာရေးအဆောက်အဦးများ






၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ကရင်ပြည်နယ် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) မှ နယ်စပ်ဒေသတွင်ကော်သူးလေဆေးသင်တန်းဆင်းပွဲအခမ်းအနားအားအောင်မြင်စွာကျင်းပခဲ့စဉ်




## ကော်သူးလေတွင် ယခုအခါ စစ်ရှောင်ပြည်သူ ၁.၂ သန်းကျော် ရှိလာ

မြန်မာစစ်တပ်၏ အရပ်သားများအပေါ် လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများ မြင့်တင်လာခြင်းကြောင့် ကော်သူးလေရှိ စစ်ဘေးရှောင်ပြည်သူစုစုပေါင်း အရေအတွက်မှာ ၂၀၂၄ စက်တင်ဘာလနောက်ပိုင်း ၁၄% ရာခိုင်နှုန်း တိုးလာပြီး လူဦးရေ ၁,၂၀၄,၉၃၂ ဦးအထိမြင့်တက်လာခဲ့သည်။ ယင်းတွင် မြန်မာစစ်တပ်မှ အာရှလမ်းမကြီးပေါ် ရှိ သဃ်န်းညီနောင်ကို ပြန်လည်သိမ်းပိုက်ရန် လုပ်ဆောင်ခဲ့သော အောင်ဇေယျစစ်ဆင်ရေးကြောင့် ဒူးပလာယာခရိုင်နှင့် မူတြော်ခရိုင်တို့တွင် နေရာသစ် ပြောင်းရွှေ့မှုများပါဝင်သည်။ ဖားအံခရိုင်၊ တနေးချားမြို့နယ်မှ တကြိမ်တခါမျှ စစ်မပြေးခဲ့ဖူးသော ရွာသား ၃,၀၀၀ သည် ယင်းစစ်ဆင်ရေးကြောင့် နေရာရွှေ့ပြောင်းခဲ့ရသည်။

ကော်သူးလေ၏ မြောက်ဘက်စွန်းရှိ တောအူးခရိုင်တွင် နေရပ်စွန့်ခွာမှုမှာ မြင့်မားနေဆဲဖြစ်သော်လည်း တိုက်ပွဲများ ငြိမ်သက်ချိန်များတွင် ကရင်နီအပါအဝင် အခြားဒေသများမှ စစ်ရှောင်ပြည်သူအချို့သည် ၎င်းတို့၏ မူရင်းနေရာများသို့ ပြန်သွားသဖြင့် အနည်းငယ် လျော့ကျသွားခဲ့သည်။



ဖားအံခရိုင်အတွင်းရှိ ပြည်တွင်းစစ်ဘေးရှောင်များ



၂၀၂၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဘီးလင်းမြို့နယ်၊ ကြသောင်းဆိပ်ကျေးရွာအုပ်စု၊ ကဘောယူပလောကျေးရွာအတွင်းသို့ မြန်မာစစ်တပ်တိုက်လေယာဉ်နှစ်စင်းမှ ပေါင် ၃၀၀အလေးချိန်ရှိဗုံးသီးများကြဲချရာ ပြည်သူအများအပြားသေဆုံး/ဒဏ်ရာရရှိခဲ့စဉ်




၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် တိုက်ပွဲများဖြစ်ပွားခြင်းမရှိခဲ့ဘဲ ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ် အတွင်းရှိ ၎က်ပျောတောကျေးရွာအုပ်စု၊ ချမ်းမြေ့စု-ချမ်းမြေ့ပါရမီဘုန်းကြီးကျောင်းနှင့် အရပ်သားအဆောက်အဦးအား မြန်မာစစ်တပ်ဘက်မှတိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့စဉ်



၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ က ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ၎က်ပျောတောကျေးရွာအုပ်စုအတွင်းရှိ ချမ်းမြေ့စု-ချမ်းမြေ့ပါရမီဘုန်းကြီးကျောင်းအား စစ်တပ်ဘက်ကတိုက်ခိုက်ဗုံးကြဲ၍ ဘုန်းတော်ကြီး ၂ ပါး ပျံလွန်တော်မူပြီး သံဃာ ၅ပါး ဒဏ်ရာရရှိသွားခဲ့စဉ်

# ကော်သူးလေစစ်ဘေးရှောင်အရေအတွက်များနှိုင်းယှဉ်ချက်
# စက်တင်ဘာလ ၂၀၂၄ခုနှစ် - စက်တင်ဘာလ ၂၀၂၅ခုနှစ်



| ခရိုင်အလိုက် စစ်ဘေးရှောင်လူဦးရေ စက်တင်ဘာလ ၂၀၂၄ခုနှစ် - စက်တင်ဘာလ ၂၀၂၅ခုနှစ် | | |
|---|---|---|
| **ခရိုင်** | **စက်တင်ဘာ ၂၀၂၄** | **စက်တင်ဘာ ၂၀၂၅** |
| ဒူးသထူ | ၁၁၁,၂၇၄ | ၁၄၂,၇၄၇ |
| တောအူး | ၁၈၁,၅၀၉ | ၁၆၄,၁၄၂ |
| ခလယ်လွီထူ | ၄၃၀,၁၆၁ | ၄၇၂,၅၀၀ |
| ဘလိ-ထားဝယ်(မဂွီး-ထဖွိုင်း) | ၁၁၉,၈၂၆ | ၁၃၆,၂၃၀ |
| မူတြော်(ဖာပွန်) | ၃၈,၃၉၆ | ၇၃,၄၈၈ |
| ဒူးပလာယာ | ၁၅၁,၈၈၀ | ၁၇၅,၄၆၆ |
| ဖားအံ | ၁၉,၆၈၃ | ၄၀,၃၅၉ |
| **စုစုပေါင်း** | **၁,၀၅၂,၇၂၉** | **၁,၂၀၄,၉၃၂** |

## ကော်သူးလေရှိ စစ်ဘေးရှောင်များအတွက် နယ်စပ်ဖြတ်ကျော် အကူအညီ၏ အသက်တမျှ အရေးကြီးသော အခန်းကဏ္ဍ

ပဋိပက္ခဒဏ်သင့်နေသော ကော်သူးလေဒေသများတွင် တောတွင်း၌ ခိုလှုံနေကြသည့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ (IDPs) ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် နယ်စပ်ဖြတ်ကျော် အကူအညီ (Cross-border aid) သည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ စစ်ဘေးရှောင်များသည် ၎င်းတို့၏ လယ်ယာမြေများအတွင်းသို့ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ပြန်မသွားနိုင်ဘဲ အဝတ်အထည် အနည်းငယ်မျှနှင့်သာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ၎င်းတို့ ယူဆောင်လာသော အစားအစာ အနည်းငယ်မျှမှာလည်း လျင်မြန်စွာ ကုန်ဆုံးသွားပြီး တစ်ခါတစ်ရံတွင် တစ်နေ့လျှင် တစ်နပ်သာ စားသောက်ကြရလေ့ရှိပြီး ယင်းမှာလည်း ဆန်ပြုတ်မျှသာ ဖြစ်တတ်သည်။ တစ်ခါတစ်ရံတွင် ညီငယ်/ညီမငယ်များ စားရစေရန်အတွက် အစ်ကို/အစ်မများသည် အငတ်ခံရတတ်သည်။ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် ၎င်းတို့သည် တောနက်ထဲတွင် သစ်ဥသစ်ဖု၊ ဝါးမျှစ်နှင့် သစ်သီးရိုင်းများကို ရှာဖွေစားသောက်ရပြီး မြစ်ချောင်းများမှ ငါးများကို ဖမ်းဆီးစားသောက်ကြရသည်။

နယ်စပ်ဖြတ်ကျော် အကူအညီသည် စစ်ရှောင်ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များအား ဖြေရှင်းရာတွင် အလွန်တရာပင်အရေးကြီးလှသည်။ ယင်းတွင် ခိုင်ခံ့သော တာလပတ်များဖြင့် ဆောက်လုပ်ထားသည့် လုံခြုံသော အမိုးအကာများအပြင် ရွှေ့ပြောင်းခံရချိန် နေ့စဉ်အစားအစာများဖြစ်သည့် ဆန်၊ ဆားနှင့်အခြောက်လှန်းထားသည့် မရှိမဖြစ် စားသောက်ကုန်များ ကဲ့သို့သော စားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်းတို့ ပါဝင်သည်။ ကျန်းမာရေး ဝန်ဆောင်မှုများမှာလည်း မလုံလောက်မှုများဖြစ်ပေါ်ကာ အထူးသဖြင့် ဝေးလံခေါင်သီသော ဒေသများအတွက် ဆေးဝါးပစ္စည်းများလည်း အလွန်ပင်အရေးကြီးလှပါသည်။

လုံခြုံရေးနှင့် အရပ်သား ကာကွယ်ရေးသည် ဤလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၏ အခြေခံကျသောအချက်များ ဖြစ်သည်။ ဘန်ကာကတုတ်များဆောက်လုပ်ခြင်းသည် ကျောင်းသူ/သားများနှင့် ရွာသူ/သားများအတွက် လက်နက်ကြီး ပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများအန္တရာယ်မှ လုံခြုံမှုကို ပေးစွမ်းစေနိုင်သည်။ ကရင်လူထုအခြေပြုအဖွဲ့အစည်းများသည် သက်ကြီးရွယ်အိုများ၊ ဖျားနာသူများနှင့် မသန်စွမ်းသူများကဲ့သို့သော ထိရှအလွယ်ဆုံး လူဦးရေကို အထူးဂရုပြုပြီး လက်ရှိ အကျပ်အတည်းများအတွင်း လိုအပ်သော အထောက်အပံ့နှင့် အကာအကွယ်ကို ရရှိစေရန် အာမခံလုပ်ဆောင်ပေးသည်။ ဤပြည့်စုံသော နယ်စပ်ဖြတ်ကျော် အကူအညီ ချဉ်းကပ်မှုသည် ပညာရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဆက်လက်ရရှိစေရန် ထိန်းသိမ်းထားရင်း ကော်သူးလေရှိ စစ်ရှောင်ပြည်သူများ၏ ဆိုးရွားသော နေထိုင်မှုအခြေအနေများကို သက်သာရာရစေသည်။


ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) သည် ကရင်ပြည်တွင်းရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အကူအညီပေးရေးကော်မတီ (Committee for Internally Displaced Karen People - CIDKP) နှင့်အတူ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက် အပါအဝင် အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကော်သူးလေရှိ နေရပ်စွန့်ခွာတိမ်းရှောင်ရသူများ (IDPs) အတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ကရင်လူထုအခြေပြုအဖွဲ့အစည်းများသည် ၂၀၂၃ ခုနှစ် ဇန္နဝါရီမှ ၂၀၂၄ ခုနှစ် ဩဂုတ်လ ကြားကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ပေးအပ်နိုင်မှု ပမာဏကို တိုးမြှင့်နိုင်ခဲ့ပြီး ခရိုင်ငါးခုအတွင်း၌အကျိုးခံစားခွင့်ရှိသူ အရေအတွက် သိသိသာသာ တိုးလာခဲ့သည်။ အဓိကအားဖြင့် အမေရိကန်၏ ရန်ပုံငွေ ဖြတ်တောက်မှုများနှင့် အချို့သော အလှူရှင်များ၏ ကန့်သတ်ချက်များကြောင့် ခလယ်လွီထူနှင့် ဘလိ-ထားဝယ် ဒေသများတွင်သာ အကူအညီ ဖြန့်ဖြူးမှု လျော့ကျသွားခဲ့သည်။


| ကော်သူလေးတွင် ခရိုင်အလိုက်အကျိုးခံစားခွင့်ရရှိသူများ - ဇန္နဝါရီ ၂၀၂၃ ခုနှစ် - ဩဂုတ် ၂၀၂၄ ခုနှစ် -ဩဂုတ် ၂၀၂၄ ခုနှစ်-စက်တင်ဘာ ၂၀၂၅ ခုနှစ် | | | |
|---|---|---|---|
| **စဉ်** | **ခရိုင်** | **အကျိုးခံခွင့်ရရှိသူများ ဇန္နဝါရီ ၂၀၂၃- ဩဂုတ် ၂၀၂၄ ( ၂၀လ )** | **အကျိုးခံခွင့်ရရှိသူများ ဩဂုတ် ၂၀၂၄ -စက်တင်ဘာ ၂၀၂၅ (၁၃ လ)** |
| ၁ | ဒူးသထူ | ၁၁၈,၄၆၀ | ၁၅၂,၈၂၃ |
| ၂ | တောအူး | ၅၅,၅၆၂ | ၁၂၉,၉၃၆ |
| ၃ | ခလယ်လွိုထူ | ၁၈၇,၀၆၃ | ၁၃၆,၈၂၉ |
| ၄ | ဘလိ-ထားဝယ် | ၁၀၂,၄၅၅ | ၇၂,၁၂၉ |
| ၅ | မူတြော် | ၂၂၂,၂၆၉ | ၂၄၄,၃၄၀ |
| ၆ | ဒူးပလာယာ | ၂၁၁,၄၃၄ | ၂၉၁,၅၉၅ |
| ၇ | ဖားအံ | ၄၂,၆၁၅ | ၁၀၄,၃၃၂ |
| | **စုစုပေါင်း** | **၉၃၉,၈၅၈** | **၁,၁၃၁,၉၈၄** |

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် KPSN သည် ကော်သူးလေ ခရိုင်အားလုံးရှိ စစ်ရှောင်ပြည်သူ များအတွက် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာမှု အကူအညီအား အရေးတကြီး တိုးမြှင့်ပေးရန် တောင်းခံနေပါသည်။ စစ်ရှောင်ပြည်သူ စုစုပေါင်း ၁,၂၀၄,၉၃၂ ဦး အတွက် ခြောက်လစာ ဆန်ထောက်ပံ့ပေးရန် ခန့်မှန်းခြေ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၁၁ သန်း ဖြစ်သည်။

**ကရင်အဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီတုံ့ပြန်မှု အကျိုးခံစားခွင့်ရရှိသူများ စားနပ် ရိက္ခာရရှိမှုတည်နေရာ ဩဂုတ်လ ၂၀၂၄ ခုနှစ် မှ စက်တင်ဘာလ ၂၀၂၅ ခုနှစ် (၁၃ လတာ)**




**ခရိုင်အလိုက်အကျိုးခံစားခွင့်ရရှိမှုစာရင်း ဇန္နဝါရီလ၊ ၂၀၂၃ခုနှစ်-ဩဂုတ်လ၊ ၂၀၂၄ခုနှစ် နှင့် ဩဂုတ်လ၊ ၂၀၂၄ခုနှစ်-စက်တင်ဘာလ၊ ၂၀၂၅ခုနှစ်**



# နိဂုံးချုပ်

ကော်သူးလေရှိ ကရင်အမျိုးသားအစည်းအရုံးကဲ့သို့ စစ်အုပ်စု၏ သိမ်းပိုက်မှုမှ လွတ်မြောက်သော ဒေသများရှိ ဒေသန္တရအုပ်ချုပ်ရေးများသည် ကမ္ဘာတဝှမ်းရှိ အစိုးရများနည်းတူ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။ အခက်ခဲဆုံး အခြေအနေများနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များဖြင့် ၎င်းတို့သည် အုပ်ချုပ်ရေးကို တည်ဆောက်ကာ ၎င်းတို့ ထိန်းချုပ်ထားသော ဒေသများတွင် တည်ငြိမ်မှုရရှိရန် ကြိုးပမ်းနေကြသည်။

ကရင်အမျိုးသားအစည်းအရုံးသည် ကော်သူးလေ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ကျယ်ပြန့်သော ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ပြုလုပ်လျက်ရှိရာ၊ ဤအခြေအနေသည် ဒေသခံပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ၎င်းတို့ကို အုပ်ချုပ်စေမည့် ဥပဒေများနှင့် ၎င်းတို့၏ဘဝနှင့် သဘာဝအရင်းအမြစ်များအတွက် အကျိုးသက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များအား မည်ကဲ့သို့ချမှတ်သည်ဆိုသည့်အပေါ် ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏ အသံများကို ထုတ်ဖော်ခွင့်ရရှိစေခဲ့သည်။

ကရင်လူမျိုးများသည် ဝေးကွာပြီး တာဝန်ယူမှုမရှိသည့် ဗဟိုအစိုးရတစ်ရပ်မှ ၎င်းတို့၏ အခွင့်အရေးများနှင့် ၎င်းတို့၏ မြေများကို ပေးအပ်ရန် စောင့်ဆိုင်းနေခြင်းမပြုဘဲ ၎င်းတို့ကိုယ်တိုင် ပြန်လည်ရယူနေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတဝှမ်းလုံးတွင်လည်း အလားတူအဖြစ်အပျက်များ ဖြစ်ပေါ်လျက်ရှိသည်။ ၎င်းသည် နိုင်ငံပြိုကွဲခြင်း၊ စစ်ဘုရင်စနစ် သို့မဟုတ် မြန်မာနိုင်ငံအားအစိပ်စိပ်အမွှာမွှာကွဲထွက်သွားစေခြင်းမဟုတ်ပေ။ တိုင်ပင်ဆွေးနွေးခြင်းမရှိသည့် ဗဟိုမှ ချမှတ်သည့်ပုံစံမျိုးမဟုတ်ဘဲ ၎င်းတို့အတွက် အကျိုးရှိစေမည့် ရေရှည်တည်တံ့သော အုပ်ချုပ်ရေးယန္တရားများကို ဒေသအဆင့်တွင် တည်ဆောက်ရန် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများသည်လည်း ထိုကဲ့သို့ ကြိုးပမ်းလုပ်ဆောင်နေကြခြင်းသာဖြစ်သည်။

ကော်သူးလေတွင်ရှိသော ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မြန်မာစစ်တပ်၏အုပ်ချုပ်မှုအောက်ထက် ကရင်အမျိုးသားအစည်းအရုံးအုပ်ချုပ်မှုအောက်အတွင်း၌ရှိပြီးပူးပေါင်းလုပ်ဆောင်မှုများရှိခြင်းက နိုင်ငံတကာ က အလှူရှင်များနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံအတွက် ပိုပြီးတည်ငြိမ်ပြီးယုံကြည်အားထားရသောမိတ်ဖက်များရပ်တည်နေပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကရင်အမျိုးသားအစည်းအရုံး လက်အောက်ရှိ လူမှုအသင်းအဖွဲ့များနှင့်အတူဖွံ့ဖြိုးရေးအကူအညီများအားဒေသန္တရအုပ်ချုပ်ရေးနှင့်ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သင့်သည်။ ဒေသန္တရအဖွဲ့အစည်းများနှင့်အတူဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းဖြင့် မြန်မာစစ်တပ်၏ထိန်းချုပ်မှုအောက်မှကင်းလွတ်သွားမည်သာမက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့မှုအားအမှန်တကယ်ထိရောက်နိုင်မည့် ချဉ်းကပ်မှုတစ်ရပ်ပင်ဖြစ်မည်။




၂၀၂၅ ခုနှစ် မေလတွင် ကော်သူးလေး အတွင်းရှိနှင့်နယ်စပ်ဖြတ်ကျော်အဖွဲ့အစည်းများ CBOs/CSOs ၏ အမျိုးသမီးခေါင်းဆောင်မှုများ၏ လှုပ်ရှားမှုအစီအစဉ်တစ်ချို့ကိုတွေ့ရစဉ်



၂၀၂၅ ခုနှစ် မတ်လတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်အတွင်းရှိ မဲ့ပရိခီးရွာတွင် နွေရာသီအားလပ်ရက် ဆရာ/မများသင်တန်း (SVT) အစီအစဉ်မှ ကျောင်းသား/သူများ၏ပူးပေါင်းပါဝင်မှု





ခရိုင်အသီးသီးရှိ ပြည်တွင်းစစ်ဘေးရှောင်များ စားနပ်ရိက္ခာထောက်ပံ့မှုများ လက်ခံရရှိခြင်း